# ဗမာပြည် ကွန်မြူနစ် ပါတီ
# နှင့်
# ကချင်ပြည် လွတ်လပ်ရေး အဖွဲ့
# တို့၏
# တိုင်းပြည်သို့ထုတ်ပြန်ချက်

၁၉၇၀ ခု အောက်တိုဘာလ ၁၀ ရက်

# ဗမာပြည် ကွန်မြူနစ် ပါတီ
# နှင့်
# ကချင်ပြည် လွတ်လပ်ရေး အဖွဲ့
# တို့၏
# တိုင်းပြည်သို့ ထုတ်ပြန်ချက်

၁၉၇၀ ခု အောက်တိုဘာလ ၁၀ ရက်

# ဗမာပြည်ကွန်မြူနစ်ပါတီ နှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ တို့၏

# တိုင်းပြည်သို့ ထုတ်ပြန်ချက်

၁။ ။ မျက်မှောက်ကမ္ဘာ့အခြေအနေဖြစ်ပေါ် တိုးပွားမှုသည် အလွန် ကောင်းမွန်နေပြီး ကမ္ဘာတဝှမ်းလုံးရှိ တော်လှန်သော ကမ္ဘာ့ပြည်သူလူထုကြီး၏ လွတ်မြောက်ရေးအတွက် အလွန်အကျိုးရှိသကဲ့သို့ ဗမာပြည်၏ မျက်မှောက် တော်လှန်ရေးအခြေအနေသည်လည်း အလွန် ကောင်းမွန်နေပြီး တော်လှန်သော လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး၏ လွတ်မြောက်ရေးအတွက် အလွန်အကျိုးရှိနေပါသည်။

ယနေ့ ကမ္ဘာတဝှမ်းလုံးတွင် အင်အားလွန် နိုင်ငံကြီး ၂ ခုဖြစ်သော ဆိုဗီယက်ဆိုရှယ်နယ်ချဲ့နှင့် အမေရိကန်နယ်ချဲ့တို့သည် ကမ္ဘာကြီးကိုချုပ်ကိုင်စိုးမိုးဘို့အတွက် တဘက်တွင် အပြိုင်အဆိုင်လုယက်နေကြပြီး အခြားတဘက်တွင် ကမ္ဘာ့ပြည်သူလူထုကြီးကို ဆက်လက်ဖိနှိပ်သွေးစုပ်နိုင်ဘို့အတွက် ချိတ်ဆက်ပူးပေါင်းနေကြသည်။ ၎င်းတို့ ၂ဦး အပြိုင်အဆိုင်လုယက်နေကြသည့် အကျိုးဆက်ကြောင့် အထူးသဖြင့် ဆိုဗီယက် ဆိုရှယ်နယ်ချဲ့၏ ပိုမိုပြောင်ကျပြီး ပိုမိုကြမ်းတမ်းစွာ ဝင်ရောက်လုယက်မှုကြောင့် နေရာတိုင်းတွင် အခြေအနေတင်းမာမှုများနှင့် ပဋိပက္ခဖြစ်မှုများမှာ တနေ့တခြား သဲသန်ပြင်းထန်လျက်ရှိသည်။

မျက်မှောက်ကမ္ဘာ့အခြေအနေတွင် လူ့အဖွဲ့အစည်းဆိုင်ရာပဋိပက္ခဖြစ်မှုများမှာသဲသန်ပြင်းထန်လာနေသဖြင့် တတိယကမ္ဘာစစ်ဖြစ်ပေါ်လာမည့်အခြေအနေသည်၎င်း၊ ပြည်သူလူထု၏တော်လှန်ရေး အုံကြွမှုများပေါ်ကွဲလာမည့် အခြေအနေသည်၎င်း ဤအခြေအနေ ၂ ရပ်စလုံးသည် ဖြစ်ပေါ်တိုးပွားလျက်ရှိသည်။ တော်လှန်ရေးအုံကြွမှုများဖြစ်ပေါ်တိုးပွားမှုကြောင့် တတိယ ကမ္ဘာစစ်ကို တားဆီးနိုင်သည်ဖြစ်စေ၊ သို့တည်းမဟုတ် တတိယ ကမ္ဘာစစ်ဖြစ်ပွားမှုကြောင့် တော်လှန်ရေး အုံကြွမှုများ ပေါ်ကွဲလာသည်ဖြစ်စေ အဆုံးတနေ့တွင် နယ်ချဲ့စနစ်သည်ပင်လျှင် မြေမြှုပ်သင်္ဂြိုဟ်ခြင်း ခံရမည်သာဖြစ်သဖြင့် ကမ္ဘာ့အခြေအနေသည် ကမ္ဘာ့တော်လှန်သောပြည်သူလူထုအတွက် အလွန်အကျိုးရှိနေသည်ဟု ယူဆကြသည်။ မျက်မှောက်ကမ္ဘာ့အခြေအနေတွင် တော်လှန်သော ကမ္ဘာ့ပြည်သူများ၏ လွတ်မြောက်ရေးအတွက် အဓိကအားဖြင့် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့နှင့် တချိန်ထဲတွင် အမေရိကန်နယ်ချဲ့ကို ပြတ်ပြတ်သားသားဆန့်ကျင်ပြီး ဆိုရှယ်လစ်တရုပ်ပြည်သူ့ သမတနိုင်ငံအမှူးပြုသော ကမ္ဘာ့ပြည်သူများဘက်မှ ပြတ်ပြတ်သားသား ရပ်တည် တိုက်ပွဲဆင်နွှဲသွားရန် လိုအပ်သည်ဟု နှစ်ဦးနှစ်ဘက်စလုံးက အမြင်တူညီကြသည်။

ပြည်တွင်းအခြေအနေတွင် နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်နှင့် ဗျူရိုကရက် အရင်းရှင်စနစ်တို့၏ ကိုယ်စားလှယ် နေဝင်းစန်းယုစစ်အစိုးရနှင့် လူမျိုးပေါင်းစုံပြည်သူလူထုအကြားရှိ ပဋိပက္ခမှာ တနေ့တခြား သဲသန်ပြင်းထန်လျက်ရှိပြီး နေဝင်းစန်းယု စစ်အစိုးရသည် စီးပွားရေးအရ၎င်း၊ နိုင်ငံရေးအရ၎င်း၊ စစ်ရေးအရ၎င်း၊ လူမှုရေးအရ၎င်း ဘက်ပေါင်းစုံ အကြပ်အတည်းဆိုက်လျက်ရှိသည်။ ဤသည်နှင့် ပြောင်းပြန်ပင် တော်လှန်ရေးအခြေအနေမှာ တနေ့တခြားကောင်း

မွန်လျက်ရှိသည်။ ယနေ့ဗမာပြည်ရှိ ဤအရင်းခံပဋိပက္ခ၏ အကျိုးသက်ရောက်မှုကြောင့် နေ့ဝင်းစန်းယု စစ်အစိုးရ၏ ဘက်ပေါင်းစုံအကြပ်အတည်းများမှာ မည်သို့မျှဖြေရှင်းခြင်းငှာ မစွမ်းနိုင်ဘဲ အဆုံးတနေ့တွင် စစ်အစိုးရသည် မုချကျဆုံးမည်သာဖြစ်သည်။ မျက်မှောက်ပြည်တွင်းအခြေအနေတွင် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး၏ လွတ်မြောက်ရေးအတွက် ဘုံရန်သူ နေ့ဝင်းစန်းယုစစ်အစိုးရကို ပြတ်ပြတ်သားသားဆန့်ကျင်ပြီး တော်လှန်ရေးအင်အားစုများ တစည်းတလုံးတည်း သွေးစည်းညီညွတ်ကာ စစ်အစိုးရကို ဘုံးဘုံးလဲကျဆုံးသည်အထိ တိုက်ခိုက်ချေမှုန်းသွားကြရန် လိုအပ်သည်ဟု နှစ်ဦးနှစ်ဘက်စလုံးက အမြင်တူညီကြသည်။

၂။ ။ ယနေ့ ဗမာပြည်ရှိ လူမျိုးပေါင်းစုံပြည်သူလူထုကြီးကို ဖိနှိပ်သွေးစုတ်နေသော အဓိကရန်သူကြီး ၃ ဦးမှာ နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ်ဖြစ်သည်။ ထို့ကြောင့် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး တရပ်လုံး၏ လုံးဝ လွတ်မြောက်ရေးအတွက် နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ်တို့ကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး တော်လှန်ရေးအင်အားစုများ တစည်းတလုံးတည်း သွေးစည်းညီညွတ်ကာ ယင်းစစ်အစိုးရကို ဘုံးဘုံးလဲကျဆုံးသည်အထိ တိုက်ခိုက်ချေမှုန်းသွားကြရန် လိုအပ်သည်။

ယနေ့ ဗမာပြည်ရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကို ဖိနှိပ်သွေးစုတ်နေသော အဓိက ရန်သူကြီး ၃ ဦးမှာ နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ်ဖြစ်သည်။ ထို့ကြောင့် လူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံး၏ လုံးဝလွတ်မြောက်ရေး အတွက် နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်နှင့် ဗျူရိုကရက် အရင်း

ရှင်စနစ်ဘိုကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး အမြစ်ပါမကျန် တွန်းလှန်ဖြိုဖျက်ပစ်ရန် နှစ်ဦးနှစ်ဘက်စလုံးက လုံးဝသဘောတူညီကြသည်။

၃။ ။ လူမျိုးပေါင်းစုံပြည်သူလူထုကြီး၏ဘုံရန်သူ နေဝင်းစန်းယုစစ်အစိုးရသည် နယ်ချဲ့စနစ်၊ ပဒေသရာဇ် မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ် တည်းဟူသော အခိုက ရန်သူကြီး ၃ ဦး၏ ကိုယ်စားလှယ်ချုပ်ဖြစ်သည်။ ၎င်းစနစ်ဆိုးများ၏စုစည်းဖော်ပြချက်ဖြစ်သည်။ သို့ဖြစ်၍ ဘုံရန်သူ နေဝင်း စန်းယု စစ်အစိုးရကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး ဘုံးဘုံးလဲကျဆုံးသည်အထိ တိုက်ခိုက် ချေမှုန်းသွားကြရန် နှစ်ဦးနှစ်ဘက်စလုံးက လုံးဝသဘောတူညီကြသည်။

၄။ ။ ဘုံရန်သူ နေဝင်း စန်းယု စစ်အစိုးရကို တိုက်ခိုက်ချေမှုန်းရာ၌ ဗမာပြည် ကွန်မြူနစ် ပါတီနှင့် ကချင်ပြည် လွတ်လပ်ရေး အဖွဲ့တို့သည် မိတ်ဆွေသဘွယ် တစည်းတလုံးတည်း သွေးစည်းညီညွတ်ကြပြီး တော်လှန်ရေး အင်အားစုများအကြားရှိ တန်းတူရည်တူဆက်ဆံမှုကို ခိုင်မာတောင့်တင်းစေကာ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံး လုံးဝ လွတ်မြောက်ရေး ရရှိအောင် အပြန်အလှန်ကူညီ၍ အတူတကွ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် နှစ်ဦးနှစ်ဘက်အကြား ပြဿနာများပေါ် ပေါက်လာပါက ဆွေးနွေး ညှိနှိုင်းသည့်နည်းဖြင့် ဖြေရှင်းသွားကြရန် နှစ်ဦးနှစ်ဘက်စလုံးက လုံးဝ သဘောတူညီကြသည်။

၅။ ။ လက်ရှိခေတ်ကာလသည် နယ်ချဲ့စနစ်က ပြိုကွဲလာနေပြီး ဆိုရှယ်လစ်စနစ်က ဖြစ်ပေါ် ထွန်းကားလာနေသည့် ခေတ်ကာလ ဖြစ်သည်။ ဤခေတ်ကာလ အခြေအနေအောက်တွင် နယ်ချဲ့စနစ်၏စိုးမိုးမှုအောက်မှ တကာယ်တန်း လွတ်မြောက်ဘို့အတွက်၎င်း၊ လွတ်မြောက်ပြီးနောက်တွင်လည်း တကယ်တန်းတည်တန့်နိုင်ဘို့အတွက်၎င်း တစည်း

တလုံးတည်းရှိသည့် တိုင်းပြည်အဖြစ်တည်ဆောက်ရန်လိုအပ်ပေသည်။ သို့ဖြစ်၍ လက်ရှိခေတ်ကာလ၏ တောင်းဆိုချက်နှင့်ရင်း၊ မျက်မှောက် နိုင်ငံတကာ အခြေအနေနှင့် ပြည်တွင်း အခြေအနေတို့၏ တောင်းဆို ချက်နှင့်ရင်း ဗမာပြည်ရှိ လူမျိုးအသီးသီးအတွက် တိုင်းပြည်သီးခြားထူ ထောင်ရေးရည်မှန်းချက်သည် မကိုက်ညီတော့ဘဲ မာ့က်စ်ဝါဒ လီနင် ဝါဒ မော်စီတုန်း အတွေးအခေါ် အချဖြစ်သည့် တန်းတူညီမျှရေး၊ သွေး စည်းညီညွတ်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဟူသော လူမျိုးရေးရာပေါ်လ စီကို လက်ခံကျင့်သုံးခြင်းသည်သာလျှင်မှန်ကန်ပြီး တည်ရှိနေသော အ ခြေအနေအရပ်ရပ်နှင့်ကိုက်ညီသည်ဟု နှစ်ဦးနှစ်ဘက်စလုံးက ယူဆကြ သည်။

သို့ဖြစ်၍ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့က သီးခြားကချင်ပြည် ထူထောင်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်အစား၊ ကိုယ်ပိုင်အုပ် ချုပ်ရေးမူကို လက်ခံကျင့်သုံးသွားရန် မူအရသဘောတူညီသည်။

| (ပုံ) ဘရန်ဆိုင်း | (ပုံ) ဗသိန်းတင် |
| --- | --- |
| ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ဗဟိုကော်မီတီ | ဗဟိုကော်မီတီ |
| ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ | ဗမာပြည်ကွန်မြူနစ်ပါတီ |

ရက်စွဲ၊ ၁၉၈၀ ခု အောက်တိုဘာလ ၁၀ ရက်
၁၃၄၂ ခု သီတင်းကျွတ်လဆန်း ၁ ရက်